နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့

**မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥပဒေကိုပြင်ဆင်သည့် ဥပဒေ**

(နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၂/၉၇)

၁၃၅၈ ခုနှစ်၊ ပြာသို လဆန်း ၇ ရက်

(၁၉၉၇ ခုနှစ်၊ ဇန်နဝါရီလ ၁၃ ရက်)

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥပဒေကိုပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥပဒေ ပုဒ်မ ၈၃ ၊ ပုဒ်မခွဲ (က) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(က) နိုင်ငံခြားငွေကြေးများ သို့မဟုတ် နိုင်ငံခြားသုံးငွေနှင့် ဆက်စပ်သော စာချုပ်စာတမ်းတစ်မျိုးမျိုး သို့မဟုတ် လက်မှတ်များ ရောင်းဝယ်ဖောက်ကားသည့် ပုဂ္ဂိုလ်များအား လုပ်ငန်းလိုင်စင် ထုတ်ပေးခြင်း ၊ လုပ်ငန်းလိုင်စင် ရုပ်သိမ်းခြင်း ၊ ကြီးကြပ် စစ်ဆေးခြင်းနှင့် ကြပ်မတ်ကွပ်ကဲခြင်း၊"

၃။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥပဒေ ပုဒ်မ ၈၄ ၏ နောက်တွင် ပုဒ်မ ၈၄ - က ကို အောက်ပါအတိုင်းဖြည့်စွက်ရမည် -

"၈၄ - က။ ။ (က) နိုင်ငံခြားငွေကြေးများ သို့မဟုတ် နိုင်ငံခြားသုံးငွေ နှင့် ဆက်စပ်သော စာချုပ်စာတမ်းတစ်မျိုးမျိုး သို့မဟုတ် လက်မှတ်များ ရောင်းဝယ်ဖောက်ကားသည့် လုပ်ငန်းလိုင်စင်ရရှိသူမည်သူမျှ လုပ်ငန်းလိုင်စင်စည်းကမ်းချက်တစ်ရပ်ရပ်ကိုဖောက်ဖျက်ခြင်းမပြုရ ၊

(ခ) မည်သူမျှ နိုင်ငံခြားငွေကြေး သို့မဟုတ် နိုင်ငံခြားသုံးငွေနှင့် ဆက်စပ်သော စာချုပ်စာတမ်းတစ်မျိုးမျိုး သို့မဟုတ် လက်မှတ်များ ရောင်းဝယ်ဖောက်ကားခြင်းနှင့်စပ်လျဉ်း၍ ဗဟိုဘဏ်က ထုတ်ပြန်ထားသောအမိန့် သို့မဟုတ် ညွှန်ကြားချက်ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ခြင်းမပြုရ ၊

(ဂ) မည်သူမျှ နိုင်ငံခြားငွေကြေးများ သို့မဟုတ် နိုင်ငံခြားသုံးငွေနှင့် ဆက်စပ်သောစာချုပ်စာတမ်းတစ်မျိုးမျိုး သို့မဟုတ် လက်မှတ်များ

ရောင်းဝယ်ဖောက်ကားသည့် လုပ်ငန်းကို လုပ်ငန်းလိုင်စင်မရှိဘဲ လုပ်ကိုင်ခြင်းမပြုရ၊"

၄။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥပဒေ ပုဒ်မ ၈၇ ကို အောက်ပါအတိုင်းအစားထိုးရမည် -

"၈၇ ။ မည်သူမဆိုပုဒ်မ ၈၄ ပါ ပြဋ္ဌာန်းချက် တစ်ရပ်ရပ် ကိုဖောက်ဖျက် ကျူးလွန်ကြောင်း ပြစ်မှု ထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ငွေဒဏ်ကျပ် ၁၀၀၀၀အထိ ဖြစ်စေ ၊ ထောင်ဒဏ် ၂ နှစ်အထိ ဖြစ်စေ ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေချမှတ်ရမည်။ ထို့ပြင် သက်သေခံပစ္စည်းများကိုလည်း ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းရမည်။"

၅။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥပဒေ ပုဒ်မ ၈၇ ၏ နောက်တွင် ပုဒ်မ ၈၇ - က နှင့် ပုဒ်မ ၈၇ - ခ တို့ကိုအောက်ပါအတိုင်းဖြည့်စွက်ရမည် -

"၈၇-က ။ မည်သူမဆို ပုဒ်မ ၈၄ - က ၊ ပုဒ်မ ခွဲ (က) နှင့် (ခ) ပါ ပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ငွေဒဏ်ကျပ် ၁၀၀၀၀၀ အထိ ဖြစ်စေ ၊ ထောင်ဒဏ် ၅ နှစ်အထိ ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ ချမှတ်ရမည်။ ထို့ပြင် သက်သေခံပစ္စည်းများကိုလည်း ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းရမည်။"

"၈၇-ခ ။ မည်သူမဆို ပုဒ်မ ၈၄ - က ၊ ပုဒ်မ ခွဲ (ဂ) ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင်ထိုသူအား ငွေဒဏ်ကျပ် ၂၀၀၀၀၀ အထိ ဖြစ်စေ ၊ ထောင်ဒဏ် ၇ နှစ်အထိ ဖြစ်စေ ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေချမှတ်ရမည်။ ထို့ပြင်သက်သေခံပစ္စည်းများကိုလည်း ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းရမည်။"

၆။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥပဒေ ပုဒ်မ ၉၃ တွင်ပါရှိသော " ပုဒ်မ ၈၈ သို့မဟုတ် ပုဒ်မ ၈၈ အရ " ဆိုသည့်စကားရပ်ကို " ပုဒ်မ ၈၇ ၊ ပုဒ်မ ၈၇ - က ၊ ပုဒ်မ ၈၇ - ခသို့မဟုတ် ပုဒ်မ ၈၈ အရ " ဆိုသည့် စကားရပ်ဖြင့်အစားထိုးရမည်။

(ပုံ)

သန်းရွှေ

ဗိုလ်ချုပ်မှူးကြီး

ဥက္ကဋ္ဌ

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့